မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဒူးရင်းကျေးရွာအုပ်စု သမ္ဘာန်ကျေးရွာ နေပြည်သူ မြေမဲ့၊ ယာမဲ့(၉၀)ကျော်သည် နေထိုင်စရာနှင့် လုပ်ကိုင်စားသောက်ရန်အတွက် အခက်အခဲများစွာ ကြုံတွေ့နေရသောကြောင့် မြေနေရာချထားပေးရန် နေပြည်တော် ဗဟိုအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရ ၊ မော်လမြိုင်မြို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် သထုံမြို့ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်(၁၅) ၊ နေပြည်တော်။ မွန်ပြည်နယ်အစိုးရအဖွဲ့ မော်လမြိုင်မြို့၊ နိုင်ငံသားများ၏ မူလအခွင့်အရေး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့လွှတ်တော်၊ ရုံးအမှတ် (၂၀)၊ နေပြည်တော်။ ဗဟိုတောင်သူလယ်သမားရေးရာကော်မတီ၊ အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ သထုံမြို့။ မွန်ပြည်နယ်တာဝန်ခံ၊ တောင်သူလယ်သမားနှင့် လယ်အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ်၊ ညောင်ပိုင်းရပ်၊ သထုံမြို့ တို့ကို ၂၀၁၄ခုနှစ် ဧပြီလက တင်ပြထားသည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲများ၏ လူမှုစီးပွားရေးဘဝ မြှင့်တင်ရေးနှင့်ပြည်သူများ၏ အခက်အခဲများအား နစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးနေချိန်ဖြစ်ရာ ၁၉၇၉ခုနှစ်တွင် ဘိုးဘွားပိုင်မြေ၊ ပုလဲကွင်း(၅၂၀)၊ နှင့် သမ္ဘာန်ကွင်း (၅၂၁) ၊ ခန့်မှန်းမြေဧက (၂၅၀၀) ကို စက်မှု(၂)နှင့် က.ပ.စ တပ်တို့မှတာယာစက်ရုံ တည်ဆောက်ရန်သိမ်းယူသွားခဲ့ပြီး စက်ရုံတည်ဆောက်ပြီး ကျန်မြေများအား (၁၉၈၅)ခုနှစ်တွင် က.ပ.စ (၈) တပ်ခွဲ(၅)မှ တပ်မြေမကျူးကျော်ရဟု ဆိုင်းဘုတ်တင်သိမ်းယူခဲ့ပြီး တပ်တည်ဆောက်ရန် အကောင်အထည် ဖော်ဆောင်နိုင်ခြင်း မရှိသည့်အတွက် (၂၀၀၆)ခုနှစ်တွင် ၎င်းမြေအား အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ထပ်မံ သိမ်းယူခဲ့ပြီး ရာဘာစိုက်ပျိုးခြင်းများအား ယနေ့တိုင် ဆောင်ရွက်နေဆဲဖြစ်ခြင်းကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ နေထိုင်စရာ လုပ်ကိုင်စားသောက်ရန် မြေမရှိမှုကြောင့် များစွာ အခက်အခဲဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။